**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**(၂၀) ရက်မြောက်နေ့အစီအစဉ်**

**( ၈ – ၇ –၂၀၂၆ ) ( ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီ**

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ရုရှားနိုင်ငံ ဒူးမား လွှတ်တော် ဥက္ကဋ္ဌတို့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ၊ ဘရပ်စ်မြို့တွင် ၂၁– ၆–၂၀၂၆ မှ ၂၂–၆–၂၀၂၆ ထိ ကျင်းပခဲ့သည့် 2nd International Forum of the Union State “Great Heritage – Common Future” သို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ခြင်းကို လွှတ်တော်၌ မှတ်တမ်းတင်ခြင်း၊

၇။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးငြိမ်းထွေး၊ အင်းစိန်မဲဆန္ဒနယ်၏ **အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထားမြေတွင် တည်ဆောက်ထားသော ဘောလုံးကွင်းအား အားကစားဝန်ကြီးဌာနမှ အခမဲ့မြေလွှဲပေးရန် လျှောက်ထားလာပါက လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါက်တာနန္ဒာလှမြင့်၊ ကလောမဲဆန္ဒနယ်၏ **အမှုထမ်းအဆင့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံအတွင်းရှိ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ခရီးစဉ်များ၌ တာဝန်ဖြင့်ဖြစ်စေ၊ မည်သည့်အကြောင်းကိစ္စဖြင့်ဖြစ်စေ အခမဲ့ခရီးသွားလာနိုင်ရေး ဦးစားပေးအဆင့်အဖြစ် စတင် စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဖော်ဆောင်ပေးနိုင်မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးမောင်ရွှေ၊ လွိုင်ကော်မဲဆန္ဒနယ်၏ **လွိုင်ကော်မှ ရန်ကုန်သို့ အသွားအပြန် ခရီးစဉ် ရပ်နားထားသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းအား မည်သည့်အချိန်နှင့် မည်သို့သောနှုန်းထားများဖြင့် ကောက်ခံ၍ ပြေးဆွဲပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်ခင်နီနီအောင်၊ ကော့ကရိတ်မဲဆန္ဒနယ်၏ **ကော့ကရိတ်မြို့အဝင် လှိုင်ချောင်းနှင့် မြို့အတွင်းရှိ ချောင်းတောင်ချောင်းအား အမြန်ဆုံး ပြန်လည်တူးဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးစန်းမြင့်၊ မြစ်သားမဲဆန္ဒနယ်၏ **မြစ်သားမြို့နယ်၊ ခရုတုတ် (အရှေ့ရွာ) မြောက်ဘက်တွင်ရှိသော ပန်းလောင်မြစ်နံရံနှင့် မြစ်ရေထိန်းတာရိုး ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးအောင်မျိုးသန်း၊ ကော့မှူးမဲဆန္ဒနယ်၏ **ကော့မှူးမြို့ အမှတ် (၂)မြောင်းမှ ထမ္ဘနိုင်ကျေးရွာထိ မြောင်းသည် တိမ်ကောနေပါသဖြင့် ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးအောင်ဇော်လင်း၊ သနပ်ပင်မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်၊ မင်းရွာကျောင်းစုကျေးရွာအုပ်စုရှိ ကြာဖြူရိုးတိမ်ကောနေမှုအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဒေါ်ခင်သန်းမြင့်၊ ငပုတောမဲဆန္ဒနယ်၏ **ငပုတောမြို့နယ်ရှိ ရေငံတံတားရေတံခါးများပျက်စီးနေမှုနှင့် ဆည်မြောင်းရေတံခါး လုံခြုံရေးတို့အတွက် ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးအောင်နိုင်၊ ဝေါမဲဆန္ဒနယ်၏ **ဝေါမြို့နယ်အတွင်းရှိ ထိန်တပင်- ဝင်းကဒက်ချောင်း (၁၇/၄)မိုင် ပြန်လည်တူးဖော်ခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဒေါက်တာအောင်ကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်၏ **ရေထွက်ပစ္စည်းများ တိုးချဲ့မွေးမြူမည့် စီမံချက်၊ တန်ဖိုးမြှင့်ပစ္စည်း (Value Added) ပြုလုပ်မည့် အစီအစဉ်နှင့် ဘဏ္ဍာရေးနှစ်တစ်နှစ်ချင်း ထုတ်လုပ်မှုလျာထားချက်၊ ငါးနှစ်တစ်ကြိမ် ထုတ်လုပ်မှုအစီအမံ စသည်တို့အား မည်သို့တိုးချဲ့ဆောင်ရွက်မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

၈။ ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်က **"အခွန်စနစ်နှင့်ပတ်သက်၍ အခွန်ထမ်းပုံစံအမျိုးမျိုးကို တိကျလွယ်ကူစွာ ပေးသွင်းထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ My Myanmar အမည်တပ် ဘားကုတ်စနစ်သုံး ဒီဂျစ်တယ် (အခွန်ထမ်း)ကတ်ဖြင့် အခွန်ငွေများကို ဖြတ်တောက်ကောက်ခံသင့်ကြောင်း၊ ခေတ်မီအလိုအလျောက် ဖြတ်တောက်စနစ်ကို အသုံးပြုသင့်ကြောင်းတင်ပြပြီး အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များ၊ ငွေကြေးလည်ပတ်ပုံ၊ ငွေကြေးစီးဆင်းပုံ၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲစနစ်များကို အထူးတိကျစွာ အသုံးပြုနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အကြံပြုအဆို"**ကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။